# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၂-၁၀-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းစရိတ်၊ ပြိုင်ပွဲစရိတ်များကို နှစ်စဉ် ဘတ်ဂျက်များတွင် ထည့်သွင်းချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ အတည်ပြုထားသော ဥပဒေများအနက် အချို့ဥပဒေများ၏ နည်းဥပဒေများကို အမြန်ဆုံးထုတ်ပြန်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးခရိုင်နှင့် ခန္တီးမြို့နယ် ရဲတပ်ဖွဲ့တို့တွင် လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခမိုင်မုန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **မူးယစ်ဆေးဝါး ရောင်းဝယ်စားသောက် အသုံးပြုသူများအတွက် မူးယစ်ဆေးဝါး ဘိန်းဖြတ်စခန်းများ တည်ဆောက်၍ ကယ်တင်ရေးစခန်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်အဖြစ် သတ်မှတ်ပြီး ဝန်ထမ်းများအား လစာနှင့်ညီမျှသော ငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်၊ ပန်းသာကျေးရွာနှင့် ဘုတ္တန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများအတွက် မြေနေရာများ ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ စီသာကျေးရွာနှင့် မြို့ကုန်းကျေးရွာတို့တွင် ရဲကင်း သို့မဟုတ် ရဲစခန်းတစ်ခု ဖွင့်လှစ်ထားရှိရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဗိုလ်မှူးထင်လင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၏ **Biotechnology၊ Biosecurity တို့နှင့် ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းထားခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေခြင်း၊ Myanmar Biosecurity Association ဖွဲ့စည်းထားခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော **“တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။